ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
ကြေညာချက်အမှတ်( ၁ /၂၀၁၉)
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်လက်မှတ် ထုတ်ယူနိုင်ရန်ကြေညာခြင်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်အတွက် တတိယအကြိမ်အရည်အချင်းစစ်စာမေးပွဲကို (၂၈-၁၁-၂၀၁၈) ရက်နေ့တွင် ကျင်းပခဲ့ပြီး (၁၀-၁၂-၂၀၁၈) ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၁၈) ဖြင့် အောင်မြင်သူများစာရင်းကို ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါ လုပ်ငန်းလိုင်စင်စာမေးပွဲအောင်မြင်သူများသည် လိုင်စင်လက်မှတ် ထုတ်ယူနိုင်ရန်အတွက် လျှောက်လွှာနှင့်အတူ(1.5"×1.5")size ဓာတ်ပုံ (၂) ပုံ၊ လုပ်ငန်းလိုင်စင်ကြေး ကျပ် ၅၀,၀၀၀/- (ကျပ်ငါးသောင်းတိတိ) ကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၂) ရှိ SECM ၏ငွေစာရင်းအမှတ်၊ MD-010123 သို့ ( ၁၅-၁-၂၀၁၉ ) နေ့ နောက်ဆုံးထားပေးသွင်းပြီးသော ငွေသွင်းချလန်မိတ္တူတို့ကို ဤရုံးသို့ လာရောက်ပေးပို့ရမည်ဖြစ်ပါသည်။

၃။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်၏ သက်တမ်းမှာ (၂) နှစ် ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၂၉ အရ လိုင်စင်သက်တမ်းတိုး လျှောက်ထားလိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

(မောင်မောင်ဝင်း)
ဥက္ကဋ္ဌ